


ဤစာအုပ်သည် စာရေးဆရာမ karen connelly ၏ မူရင်းစာအုပ်တအုပ်ဖြစ်ပြီး စာဖတ်သူများ အား အလွန်အမင်း ဖတ်စေချင်သော ဆန္ဒကြောင့် ကြိုးစား တင်ပြလိုက်ပါသည်၊ ဤစာအုပ်အား ဖတ်စေခြင်းဖြင့် မြန် မာနိုင်ငံအတွင်း အုပ်ချုပ်မင်းမူနေသော စစ်အစိုးရ၏ လက် ထက်တွင် မြန်မာနိုင်ငံသားတို့ မည်ရွေ့ မည်မျှထိလူ့အခွင့် အရေး ဆုံးရှုံးနေပြီး မြန်မာနိုင်ငံတွင်းရှိ အကျဉ်းထောင် များအတွင်း မည်ကဲ့သို့ ဖိစီးနှိပ်စက်၊ မည်ကဲ့သို့ ဆင်းရဲဒုက္ခ ခံရ၍ စစ်အစိုးရ၏ လူမဆန်မှုများကို ကွက်ကွက်ကွင်းကွင်း သိမြင်ရမည် ဖြစ်ပါသည်၊ အခန်းဆက်အဖြစ် ဖော်ပြသွားပါမည်။

**အလင်းအိမ်မဂ္ဂဇင်း**

ဘာသာပြန်ဆိုသူ **Roland Hardy(ခ)မောင်မောင်လတ်**

## ယခင်လမှအဆက် **အိမ်မြှောင်လှောင်အိမ်**

## အခန်း ( ၂၁)

ကိုလူချောဟာ စိန်ယုံလို့ခေါ်တဲ့ လက္ခဏာဆရာရဲ့ လက်ချောင်းတွေကို တချောင်းစီ ချိုးပစ်လောက်အောင် ဒေါသထွက်နေတယ်။ တကယ်ဆိုရင် ထောင်ကျနေတဲ့ နိုင်ငံရေးသမားတွေ လက်ထဲကို စာရေးစက္ကူတို့ ဘော်လ်ပင်တို့ ရောက်အောင်ထည့်နိုင်ဖို့ ဘယ်လောက်ခက်ခဲ သလဲဆိုတာ စီစဉ်တာတော့ လွယ်လွယ်လေးဖြစ်တယ်။ တားမြစ်ပိတ် ပင်ထားတဲ့ စက္ကူတွေ၊ ဘော်လ်ပင်တွေ စသဖြင့်ကို တခြား ထောင်ကျနိုင်ငံရေး သမားများ နည်းတူ ဒေါ်စုဆီကို စာရေးကြ မှာဘဲလို့ တွက်ထားတာ။ အခုကြည့်လေ အဆောင်(၃) နိုင်ငံ ရေးအဆောင်က နိုင်ငံရေးသမားတွေ ထောင်စည်းကမ်း ဖောက်ဖျက်မနဲ့ ထောင် ကျနှစ်တွေတိုးလာကြပြီ မဟုတ်လား။ ဒီနည်းဟာ ဒေါ်စုလွတ်မြောက်တဲ့ပွဲကို ဂုဏ်ပြု လိုက်တဲ့ ထောင်ပိုင်ကြီးရဲ့ အကြံဉာဏ်တွေသာဖြစ်တယ်။ စိန်ယုံဟာ ဒီလိုလုပ်ပေး လို့ထောင် ၂နှစ်ကျရမည့်အစား (၇)လနဲ့ ထောင်ကျလွတ်အောင် လုပ်ပေးထားတယ်။ ကိုလူချောကိုလည်း M.I ထဲဝင်လို့ရအောင် သူထောက်ခံပေးနိုင်မယ်။

“ဘယ်လို သောက်တလွဲ ဖြစ်သွားတာလဲ? တော်တော် သောက်သုံးမကျတဲ့ လက္ခဏာ ဆရာ ခွေးကောင်။” ကိုလူချောဟာ အခုလို တလွဲဖြစ်သွားတဲ့ အကြောင်းတွေကို ထောင် ပိုင်ကြီးဆီ ဘယ်လို အစီရင်ခံရမလဲ? “ဒီကောင့်လည်ပင်းကို ညစ်ထားလို့ အသံမ ထွက် တော့လား?

“ဘယ်သူ့ ကိုပြောတာလဲ”

“တေးဆိုငှက်လေ”

“ ဒီလောက်လည်း မဟုတ်သေးပါဘူး။ ကျနော် သူ့ကို လှဲအောင် ထိုး လိုက်ယုံပါပဲ။ အဲတခုတော့ရှိတယ်။ တေဇ လောလောဆယ်တော့ သီချင်း မဆိုနိုင်ယုံပါပဲ။”

“ဒါပေမဲ့ ထောင်ပိုင်ကြီးသာ တေဇအသံမထွက်တာ သိရင် တော် တော်စိတ်ဆိုးလိမ့်မယ်”

“မင်းဘာတွေ ပြောနေတာလည်း။ မျက်နှာကို လက်သီးနဲ့ ထိုးတာနဲ့ ဘယ်သူ မှမသေနိုင်ဘူး။ တကယ်ပြဿနာ ကောင်လေးဘဲ။ တကယ့်ပြဿနာကောင် လေးပဲ။ ဒီလိုဖြစ်သွားတာလည်း ကောင်းတယ်။ ဒါမှ ဒီကောင်မှတ်မှာ။”

ကျောက်ခဲတုံးလေးတွေဟာ စစ်ဖိနပ် (၄)စုံရဲ့ နင်းချေမအောက်မှာ ရှိနေတယ်။ အစောင့်စင်ကိုကျော်သွားရင် ထောင်ပိုင်ကြီးရဲ့ ရုံးခန်းဆီ ရောက်သွားတယ်။ ကိုလူချောနဲ့ ဝါဒါ ၄ယောက်ဟာအစီရင်ခံရတော့မယ်။

“ ဒီကောင်လေးကို ဒီလိုရိုက်နှက် နှိပ်စက်ဖို့ ဘယ်တုန်းကမှ အမိန့်မရှိဘူးဆိုတာသိ လား?

“မင်း ဒီရှာဖွေမမှာ ခေါင်းဆောင် မဟုတ်ဘူးလား?

“ ဟော့ကောင် မင်းအဆင့်က ဘာလဲ ။ ပါးစပ် ပိတ်ထားစမ်း။ ထောင်ပိုင်ကြီး ညွှန်ကြားထားတဲ့အထဲမှာ ကိုယ့်ကိုယ်ကို ခုခံကာကွယ်မဆိုတာ ရှိတယ်။ ငါတို့ တိုက်ပိတ် ထောင်ခန်းမှာအကျဉ်းသားဟာ ငါတို့ ရှာဖွေမမှာ ကူညီမရှိဘူး။ မင်းလည်း တင့်လွင်လိုပဲ တကယ်လုပ်တော့ မယ်ဆိုရင် ူးချောင်တတ်တဲ့ ကောင်ပဲ။”

“ထောင်ပိုင်ကြီးဆီတင်မဲ့ အစီရင်ခံစာမှာ တင့်လွင့် မင်းအကြောင်း ထည့်ရေး မယ်။”ခေါင်းငိုက်စိုက်ချနေရင်း ဝါဒါ တင့်လွင်က “ဟုတ်ကဲ့ပါ ဆရာ” လို့ ပြောလိုက်တယ်။ ကိုယ့်ကို သန့်စင်အောင် ဆေးကြောလိုက်ပြီး ဝါဒါအဆောင်ဖက် လမ်းလျှောက်သွားတယ်။ ထောင်ပိုင်ကြီး အခန်းဟာသူ့အရှေ့မှာရှိတယ်။ လှေကားထစ်ပေါ်ကို တံတွေး ထွေး ထဲ့လိုက်တယ်။ လက်ဖက်ရည် သောက်ရင်းစဉ်းစားနေလိုက်တယ်။ ဒီစာရေးစက္ကူနဲ့ ဘော်လ်ပင်ကိစ္စ ဘယ်လို ဖြစ်လို့ ရှာမတွေ့တာလဲဆိုတာအပြန်ပြန် အလှန်လှန် စဉ်းစား နေမိတယ်။ ထောင်ပိုင်ကြီးကို ဘယ်လို တင်ပြရမလဲ? ခေါင်းခြောက်နေပြီ။ ဒီစာရွက်နဲ့ ဘော်လ်ပင် အကျဉ်းခန်းထဲကနေ တေဇဘယ်လို ဖျောက်ပစ်လိုက်သလဲဆိုတာ ဘယ်လိုမှစဉ်းစားလို့ မရဘူး။

ထောင်ပိုင်ကြီးရဲ့ တံခါးကို ခေါက်လိုက်တယ်။ တကယ်ကြောက်ရတဲ့ ထောင်ပိုင်ကြီး ကိုယ်တိုင်တံခါးလာဖွင့်ပေးတယ်။ ကိုလူချော စိတ်ထဲမှာ ကျဉ်း ကျပ်နေတယ်။ တံခါးပြင်းပြင်း ခေါက်မိတာကိုဘဲနောင်တရသလို ခံစားရတယ်။

တကယ်ဆိုရင် ကိုလူချော အချိန်တွေကို မေ့နေတာဖြစ်တယ်။ အခုချိန်ဟာ တော်တော်မိုးချုပ်နေပြီ။ ထောင်ပိုင်ကြီးရဲ့ ထမင်းချက်ခိုင်းတဲ့ အစေအပါးကို မတွေ့ဘူး။ ထမင်းပြန်စားနေ တယ်ထင်တယ်။ "မင်းထမင်း စားပြီးပြီလား" ထောင်ပိုင်ကြီးရဲ့အမေးကို

"ကျေးဇူးတင်ပါတယ် ခင်ဗျာ။စားပြီးပါပြီ"လို့ ကိုလူချော ယဉ်ကျေးသိမ်မွေ့စွာ ပြန်ဖြေလိုက်တယ်။ ထောင်ပိုင်နဲ့ လူချောတို့ အသက်မဲ့တဲ့အပြုံးများဖြင့် တယောက် နဲ့ကြည့်ပြီး ပြုံးကြတယ်။ ထောင်ပိုင်ကြီးနောက်ဆုတ်ပေးလိုက်တယ်။ အခန်းထဲဝင်ခွင့် ပြုလိုက်တယ်။ထောင်ပိုင်ရဲ့အခန်းထဲမှာ ကျွန်းသစ်နဲ့လုပ်ထားတဲ့ ဆိုဖာဆက်တီ အကောင်းစားကို တွေ့ရတယ်။ ထောင့်မှာတော့ လှပတဲ့ စောင်းတလက်တွေ့ရတယ်။ တကယ်ကောင်းတဲ့ အခန်းဘဲ။ အကောင်းစားဟော်တယ် အခန်းကျနေတာဘဲ။ အလုပ် စားပွဲပေါ်မှာ စာရွက်တွေ၊ ဘော်လ် ပင်တွေမှောက်ထားတဲ့ စာရွက်တွေကို တွေ့ရတယ်။ ထောင်ပိုင်ကြီးဟာ ရန်ကုန်မြို့ထဲမှာရှိတဲ့ အိမ်ကိုတောင်မပြန်ဘဲ ဒီမှာ နေတာများတယ်။ ဟုတ်မှာပေါ့။ အစစအရာရာ ပြည့်စုံတဲ့ ဒီနေရာဟာ ဘာမှမလို တော့တာပဲလေ။ နောက်တခုကြားရတာ ထောင်ပိုင်ကြီးရဲ့ဇနီးဟာ နဝတ ဗိုလ်ချုပ်ကြီး တယောက်ရဲ့အ မျိုးတော်တဲ့ အမျိုးသားတယောက်နဲ့ ဖောက်ပြန်နေတယ်ဆိုပဲ။

ရောင်စုံမီးထွန်းထားတဲ့ ထောင်ပိုင်ကြီး အခန်းဟာ ပန်းအိုးလှလှတွေနဲ့ ပြည့်စုံနေတယ်။ ထောင်မှူးလေး ကိုလူချောဟာ ထောင်ပိုင်ကြီး အခန်းကို ကြည့်ရင်း သူ့အိမ်ဟာ ထောင်ပိုင်ကြီး အခန်းလောက် မသားနားပါလားဆိုပြီး စိတ်ဓါတ်ကျ သွား တယ်။ ဟုတ်မှာဘဲလေ။ ထောင်ပိုင်ကြီးဟာ ၁၀နှစ်ကျော်ရထားတဲ့ လာဒ်ငွေတွေ နဲ့ ဒီလို ပြည့်စုံမှာဘဲ။ ကိုလူချောဟာ မတ်တပ်ရပ်နေ တုန်းပဲ။

"ဘယ်လိုလဲ? မင်းစီစဉ်ထားတဲ့ အကွက်ဟာ မအောင်မြင်ဘူး မဟုတ်လား။ ဟိုခွေးမသားလေး တယောက်နဲ့" ကိုလူချော လန့်သွားတယ်။ ထောင်ပိုင်ကြီး ဒီလောက် အချိန်တိုလေးအတွင်းမှာ ကိစ္စအဝဝ ဖြစ်ပျက်တာတွေ သိပြီးပြီ။ တယောက် ယောက်က များ ငါ့ကို တိုက်ပိတ် ခန်းမှာရှာဖွေနေတာကို စောင့်ကြည့်ပြီး အစီရင်ခံလိုက်သလား? ထောင်ထဲမှာကသတင်းပေးစပိုင်တွေအပြည့်ဘဲ မဟုတ်လား။ "ဟုတ်ပါတယ် ဆရာ။ ကောင်လေးရဲ့ အခန်းထဲမှာ ပိတ်ပင်ထားတဲ့ပစ္စည်းတစုံတခု ရှာဖွေရှာမတွေ့ပါဘူး။

ထောင်ပိုင်ကြီးရဲ့ အေးစက်တဲ့ အပြုံးကို မြင်လိုက်တော့ လူချောဟာ ငါပြဿနာ တက်တော့မယ်ထင်တယ်။ ဒုက္ခရောက်ပြီ တွေးပြီးလန့်နေတယ်။ ခုံတန်းရှည်ပေါ်မှာ ကိုလူချောကိုထိုင်ခိုင်းလိုက်ရင်း ထောင်ပိုင်ကြီးက ထိုင်းကလာတဲ့ မာဘိုလ်လို စီးကရက်ကို ထုတ်လိုက်ပြီး အစီခံဖက်ကခေါက်လိုက်ရင်း မီးညှိလိုက်တယ်။ ဆေးပေါ့လိပ် သောက်ရင်လည်း ဖင်စီခံကို ခေါက်ပြီး မှ သောက်တယ်။

“စီးကရက် မသောက်ဘူးလား?

လူချော။ ။ ကျေးဇူးပါပဲ။ ကျနော် မသောက်ပါဘူး။ ထောင်ပိုင်ကြီးက “အေးလေ…မင်းက ဆေးပေါ့လိပ်ပဲ ကြိုက်တာဆိုတော့။” ထောင်ပိုင်ကြီးက သောက်သုံးမကျတဲ့ နိုင်ငံခြားဆေး လိပ်သောက် ရင်းငွါကိုနှိပ်ကွပ်နေတာ။ လူချောက “ကျနော် ထောင်ပိုင်ကြီးဆီ မလာခင်လေးကဘဲ ဆေးလိပ်သောက်ခဲ့ပါတယ် ခင်ဗျာ့။ ”ဟု ပြန်ပြောလိုက်တယ်။ ကဲ…ဘယ်လိုဖြစ်သွားသလဲ ထောင်မှူးလေး ညွှန့်ဝေဦး? ထောင်ပိုင်ကြီးဟာ ရွှေရောင်မီးခြစ်ကို ဖြစ်လိုက်ရင်း မေးလိုက်တယ်။ ကိုလူချောရဲ့ နာမည် ညွှန့်ဝေဦး ဆိုတာ ထောင်ထဲမှာ ပျောက်နေတယ်။

ကိုလူချော။ ။ “ကျနော် အခုချိန် ကိုစိန်ယုံကို ပြန်မမေးရသေးဘူးဆရာ။ စိန်ယုံက အပြင်ဘက်မှာ လုပ်နေတယ်။ တိုက်ပိတ်ခန်းကို ကျနော် ရှာတာမတွေ့ဘူးဆရာ။ ကျနော် ဆိုလိုတာကတရားမဝင်ပစ္စည်းကို ဆိုလိုတာပါ။ ဆေးပေါ့လိပ်လောက်ပဲ တွေ့တယ်ဆရာ။”

“မင်း သေသေချာချာ ရှာရဲ့လား”

“ဟုတ်ကဲ့ ဆရာ၊ ကျနော်တို့ တိုက်ပိတ်ခန်း အပြင်ဖက် မြေကြီးတွေ ပေါ်မှာလည်း သေသေချာချာ ရှာပါတယ်။” အကျဉ်းသားဟာ ပစ္စည်းကို ဘယ်လို လွှင့်ပစ်လိုက်လဲ မသိဘူး။ လေဝင်ပေါက်က တဆင့် ပစ်လိုက်တယ်ထင်တယ်။ ပစ္စည်းကို ဖျောက်ပစ်လိုက်တယ် ပြောရမှာလဲ ရှက်လာတယ်။ ကိုယ်က သေသေချာချာ အခန်းအပိတ်ခံထားရတဲ့လူ လက်ထဲရောက်အောင် စိန်ယုံနဲ့ ပေးခိုင်းထားပြီးမှ အပိုင်ရှာ မတွေ့တာကိုဘဲ။ ဘာပဲဖြစ်ဖြစ် ထောင်ပိုင်ကြီးရဲ့ ခွင့်ပြုချက်နဲ့ ရှာဖွေချက်နဲ့ရှာဖွေတာပဲ။ ထောင်ပိုင်ကြီးဟာ စစ်ထောက်လှမ်းရေးက ဗိုလ်မှူးအဆင့်ရှိသူ ဖြစ်တယ်။ ထောင်ပိုင်ကြီးဟာ ထောင်ဝန်ထမ်းတွေထဲက တော်တယ်လို့ထင်ရတဲ့ လူတွေကို ထောက်ခံပေးပြီး **M.I**အဖွဲ့ထဲ ဝင်နိုင်အောင် ထောက်ခံလုပ်ပေးတယ်။

တချို့ဝန်ထမ်းတွေဟာ မူလတန်းလောက်ပဲ အသိဉာဏ်ရှိတော့ ထောင်ပိုင်ကြီး အပြောအရဆိုရင် အဲဒီအဆင့်လောက်ဆိုရင် ဘယ်တော့မှ **M.I** မဖြစ်နိုင်ဘူး။ တခါတလေ စကားပြော ရင်းရယ်စရာ လုပ်ကြတယ်။ ထောင်မှူးကိုလူချောလို ခိုင်းတာအကုန်လုပ်၊ ဆရာကို အလွန်ဖါး နိုင်ငံရေးသမားတွေကို နှိပ်စက်တဲ့လူမျိုးကို စစ်တပ်က ထောက်လှမ်းရေးသမား ဖြစ်အောင် စည်းရုံးတယ်။

ထောင်ပိုင်ကြီးက ထောင်မှူးလေး လူချော (ခေါ်) ညွှန့်ဝေဦး၊ အဘအမည် မောင်မောင်ဦးဆိုတဲ့ ပုံစံဖြည့်ထားပြီး **M.I** ရုံးကို တင်ပြဖို့ အဆင့်သင့်လုပ်ထားတယ်။ ထောက်ခံစာကိုလည်း သေသေချာချာ ရေးထားတယ်။ ဒါပေမဲ့ ဘယ်တော့လောက်မှ ထောင်ပိုင်ကြီး အဲဒီထောက်ခံစာကိုပို့မလဲ မသိပါ။ ထောင်ပိုင်ကြီးက **M.I**အကြီးအကဲ အမျိုးအနွယ်ထဲက ဖြစ်တယ်။ ဇနီးဖက်ကလည်း စစ်ဗိုလ်ချုပ်အမျိုးကြီးတွေရဲ့ အမျိုးဖြစ်တော့ ကိုလူချော အင်းစိန်ထောင်ထဲကနေပြီး **M.I** ထဲဝင်ပြီး ဖင်ခေါင်းကျယ်နေတာကြာပြီ။ ထောင်မှူးလေးဟာ ထောင်ပိုင်ကြီးနဲ့ ပြောဆိုနေတာကြာလာတော့ ဗိုက်ကလည်း ဆာလာပြီ။ လူလည်း သိပ်ပင်ပန်းနွမ်းနယ်လာတယ်။ ပြောတော့ မပြောရဲဘူး။

ထောင်ပိုင်ကြီး။ ။ “ငါတို့ဟာ သက်သေခံ အထောက်အထား မခိုင်လုံပဲ တေဇ ဆိုတဲ့ ခွေးကောင်လေးကို တရားစွဲ စီရင်ချက်ချဖို့ မလွယ်ဘူး။”

လူချော။ ။ “ဟုတ်ကဲ့…ကျနော်လည်း သဘောပေါက်ပါတယ်။ စိန်ယုံကို သေချာမေးကြည့်တော့ သေသေချာချာ တေဇလက်ထဲကို စာရေးစက္ကူရော၊ ဘောလ်ပင်ပါ ပေး ထားတယ်လို့ ပြောပါတယ်။”

“နိုင်ငံရေးထောင်ကျများ အဆောင်(၃)က လူတွေကိုလည်း သေသေချာချာပေးပြီး ရှာတာအောင်မြင်ခဲ့တယ်။ ဆရာလည်းသိပြီးသား ဖြစ်မှာပါ။ အခုဆိုရင် အဆောင် (၃)က နိုင်ငံရေးထောင်ကျ (၁၄)ယောက်ကို ခွေးလှောင်အိမ်ထဲ ထည့်ထားနိုင်ခဲ့ပါတယ်”ဒါကြောင့်မို့ တေဇကိုလည်း အပြစ်ပေးဖို့ သေသေချာချာ စီစဉ်ထားခဲ့တယ်။ ထောင်ဝင်စာပုံး အောက်ဆုံးမှာ သေသေချာထည့်ပေးတာ။ ထောင်ပိုင်ကြီးဟာ စီးကရက် ကိုင်ထားတဲ့လက်ညှိုးကို ဝှေ့ရမ်း လိုက်ရင်း၊ အဲဒီကောင်လေးရဲ့ညီ တောခိုသွားတဲ့အထဲမှာ ကျောင်းသားခေါင်းဆောင်တယောက် ဖြစ်နေတယ်။ တေဇဟာ ဒါကြောင့် ဒီနှစ်လူ့အခွင့်အရေးနဲ့ ပတ်သက်တဲ့အဖွဲ့က ထုတ်ပြန်တဲ့ ပြက္ခဒိန်မှာ သေသေချာချာ ဖော်ပြခံထားရသူ ဖြစ်တယ်။

ဒါကြောင့် အကျဉ်းသားတွေ ရေးတဲ့ စာတွေကို တင်ပြပြီး နောက်ထပ်ထောင်ကျနှစ် တိုးအောင် လုပ်လို့ရတာပေ့ါ။ မင်းသိတဲ့အတိုင်းပဲ ငါဟာ နောက်ထပ် ၂ နှစ်လောက်ဆိုရင် အ ငြိမ်းစားယူတော့မယ်။ အဲဒီမတိုင်ခင်မှာ တေဇကို ထောင်ကျနှစ် ၇ နှစ်ကနေ ၁၀ နှစ်လောက်တိုး သွားအောင်လုပ်ခဲ့ချင်တယ်။ ဒါကြောင့် အကျဉ်းစခန်းတွေကို ပိတ်ပင် ပစ္စည်းရှာဖွေရတဲ့ အလုပ် ဟာသိပ်အရေးကြီးတယ်။ မင်းတေဇဆီက ပိတ်ပင်ပစ္စည်း ရှာမတွေ့ရင်တော့ တေဇကို တရားခံ အဖြစ်တရားစွဲလို့ ဘယ်လိုမှ မရတော့ဘူး။ သူ့ကို တရားခံစာရင်းက ပယ်ထုတ်လိုက်ရတော့ မယ်။မအောင်မြင်တဲ့ စစ်ဆင်ရေးဖြစ်သွားတာပေ့ါ။ မင်းစိန်ယုံကို သေသေချာချာ စစ်စမ်းပါ။ ဒီကောင့်ခိုင်းတဲ့အလုပ်ကို အောင်မြင်အောင် ဘာကြောင့် မလုပ်နိုင်တာလည်း ဆိုတာ”

“ဆရာခွင့်ပြုရင် ကျနော် တခုတင်ပြပါရစေ။ စိန်ယုံ သေသေချာချာ တေဇလက်ထဲကို စက္ကူနဲ့ ဘောလ်ပင် ပေးထားခဲ့တာ။ တေဇ ရေးပြီး ပေးမယ် ကတိပေးထားပြီးမှ ဘယ်လို စိတ် ပြောင်းသွားပြီးဖျောက်ပစ်လိုက်သလဲဆိုတာ ကျနော် စဉ်းစားလို့ မရဘူး။ ဒါကြောင့် ကျနော် သိပ်စိတ်ဆိုးသွားတယ်။တယောက်ယောက်ကများ တေဇပစ္စည်းတွေ ဖျောက်ပစ်ဖို့ကူညီပေး လိုက်သလားဆိုပြီးစဉ်းစားမိတယ်။ ဥပမာ…ထောင်မှူး ကိုချစ်နိုင်လို လူမျိုး မဖြစ်နိုင်ဘူးလား။”

“ညွန့်ဝေဦး မင်းအတွေးအခေါ်တွေ ဒီရုံးခန်းထဲမှာဘဲ ထားခဲ့ပါ။ ချစ်နိုင်ဟာ တခါ မှားဘူးတယ်။ ဒါပေမဲ့ ဒီကောင်က တော်းမဟုတ်ဘူး။ သူ့ကို ငါတို့ထောင်ထဲမှာ မျက်ခြေမပြတ် စောင့်ကြည့်နေတာ သူသိတယ်။ ငါသေချာ စောင့်ကြည့်ပြီးပြီ။ ဒီအပတ်အတွင်း ချစ်နိုင်တေဇရှိတဲ့ အဆောင် (၆)ဖက် တခါမှ မရောက်ခဲ့ဘူး။ တခုခုတော့ ဖြစ်သွားခဲ့လို့ ပိတ်ပင်ပစ္စည်းရှာမ

တွေ့တာ။ အဲဒီကိစ္စ ငါသေချာသိချင်တယ်။ ဒီလောက်လွယ်တဲ့ အလုပ်လေးတခုကိုတောင် မင်း တာဝန်ယူလုပ်မပေးနိုင်ရင် မင်းကို ငါထောက်လှမ်းရေးထဲ ဝင်ဖို့ ဘယ်လိုပုံစံနဲ့ ထောက်ခံပေးရမှာ လဲ။ အင်း အဲဒီပစ္စည်း မတွေ့ရင် ကိုယ်ဖင်ထဲကိုယ် တုတ်ထိုးပြီးသေလိုက်တော့"

"ဟုတ်ကဲ့" ဟု ရှိသေစွာပြန်ဖြေလိုက်ရင်းမျက်စိထဲမှာ ထောင်ပိုင်ကြီး ဇနီးကို မြင် ယောင်နေမိတယ်။ ထောင်ပိုင်ကြီး ဇနီးဟာ အမွှေစုတ်ဖွားနဲ့ ခွေးမလေးဖြစ်ပြီး ကြီးမားတဲ့ ဝက် ကြီးရဲ့ အောက်မှာပြားပြားမှောက်နေတယ်။ အဲဒီအတွေးဟာ လူချောကို အားပေးနေသလို ပဲ။ ထောင်ပိုင်ကြီးခြေထောက်ကို ချိတ်ထားရင်း ရွှေရောင်မီးခြစ်နဲ့ စီးကရက်မီးညှိရင်း "ပြောစမ်း ပါ။ ထောင်ကျတဲ့တေဇက ဒီကိစ္စ ဘယ်လိုပြန်ပြောမလဲ? သူက သူ့အခန်းထဲမျာ ပစ္စည်းမရှိဘူး ဆိုတာသေချာသက်သေပြခဲ့တယ်။ ဒီကောင်လေးအမှန်ပြောအောင် မင်းသေသေချာချာ လုပ် နိုင်ခဲ့သလား?

"ဟုတ်ကဲ့၊ ကျနော်တို့ တတ်နိုင်သလောက် စစ်ပြီးပါပြီ။" ကျနော်တို့ ဆိုတဲ့စကား လုံး သုံးလိုက်ရလို့စိတ်ထဲမှာ စိုးရိမ်မှု နည်းနည်းလျော့သွားတယ်။

"ဒါပေမဲ့ ကောင်လေးက သူ့ဇာတ်လမ်းကို မပြောင်းဘူးမဟုတ်လား" "တခုတော့ လွဲနေတယ် ဆရာ။ ကောင်လေးဟာ ဘယ်တုံးကမှာ လိမ်မပြောဘူး။ ထင်တာပြောရရင် ဒီကောင်လေး အမှန်တကယ် ပြောတာလားမသိဘူး။"

"ခက်တာက စိန်ယုံကလည်း ကောင်လေးလက်ထဲ ပစ္စည်းတွေ သေသေချာချာ ထည့်ပေးခဲ့ပြီး၊ ကောင်လေးဆီက စာကို ကောင်လေးပေးတာကို မယူသေးဘဲ နောက်ပြီးမှ ယူမယ် ဆိုပြီးကျနော်ပိုင်မှ ဝင်ရှာခဲ့တာပဲ။"

" အေးမင်း ဘယ်လောက်အထိ သေချာ စစ်ခဲ့သလဲ ပြောစမ်း"

ကမ္ဘာကြီးမှာ သနားတတ်တဲ့လူ မရှိတော့ဘူး။ "ကျနော်တို့ သူ့ကို ဝိုင်းထိုးကြပါတယ်။" "ငါသိတယ်။ မင်းသူ့ကို ရိုက်နှက်ခဲ့တယ်ဆိုတာ ငါသိချင်တယ်။ မင်းသူ့ကို ဘယ်လိုပုံစံနဲ့ ထားခဲ့သလဲ?လူချော စဉ်းစားမိတယ်။ သတင်းပေးတဲ့လူဟာ ထောင်ပိုင်ကြီးကို အားလုံး သံတော်ဦးတင်ပြီးပြီထင်တယ်။

" ဆရာ ဒီကောင်လေးဟာ ကျနော်တို့ မေးမြန်းစစ်ဆေးတာကို အပေးအယူ မလုပ်ခဲ့ ဘူး။ သိပ်ခေါင်းမာတယ် ဆရာ။ ထောင်ပိုင်ကြီး လူချောကို စိုက်ကြည့်လိုက်တယ်။ လူချော ခေါင်းငိုက်စိုက် ချထားပြီး အပြစ်မရှိတဲ့ သိုးသူငယ်လို "ကျနော် အထင်ပြောရရင် ဒီကောင်လေး မေ ရိုးကျိုးသွားတယ်လို့ ထင်ပါတယ်။တဝက်ရှိတဲ့ စီးကရက်ကို ဆက်ဖွာလိုက်ရင်း ထောင်ပိုင်ကြီး က "အေး ဘယ်ကောင်ကကောင်လေး မေးရိုးကျိုးလောက်အောင် လုပ်လိုက်တာ လဲ?

"ဆရာ ကျနော် ခုနကပြောတာ မေးရိုးကျိုးတယ် ထင်တာဘဲပြောတာပါ။ ကျနော် ဆရာဝန်ကို မေးမကြည့်ရသေလို့ သေချာ ကျိုးမကျိုးမသိပါဘူးဆရာ"

“ဟော့ကောင် ညွန့်ဝေဦး မင်းအလုပ်လုပ်တာကို ငါကြိုက်တယ်။ လေးစားတယ်။ ဒါပေမဲ့မင်းကကိစ္စတခုကို လွယ်လွယ်ကူကူ မကိုင်တွယ်တတ်ဘူး။ ငါမင်းကို သေချာမေးမယ်။ ဘယ်လိုကောင်ကများ ထောင်ကျအကျဉ်းသားကို မေးရိုးချိုးနိုင်တဲ့ အခွင့်ရေးရှိသလဲဟေ့ ပြောစမ်း။ ဘယ်ကောင်က ဒီအခွင့်အရေး ရှိသလဲ?

“ကျနော် လုပ်တာပါဆရာ၊ ကျနော့် အပြစ်ပါ။”

ထောင်ပိုင်ကြီး လည်ချောင်းကို ချောင်းတချက် ဟန့်ရှင်းလိုက်တယ်။ “ထောင်မှူးလေးညွှန့်ဝေဦး မင်းကို ငါညွှန်ကြားချက်တွေ သေသေချာချာ မေးခဲ့ပြီးသားပဲ။ အမိန့်လည်းပေးထားတယ်။ခုခံကာကွယ်တာလည်း ပြထားတာပဲ။ ငါမင်းကို မေးမယ်။ လူတယောက် မေးရိုးကျိုးသွားရင် ဘာဖြစ်သွားမလဲဆိုတာ မင်းသိသလား?

“လူဟာ မေးရိုးကျိုးသွားရင် မှတ်ထား သောက်ရူးရဲ့။ အစာမစားနိုင်ဘူး။ ငါတို့လုပ်ရမှာကအအေးမိပြီး ရောဂါဝင်သွားတယ်ဆိုပြီး လုပ်ကြံပြောရမယ်။ သဘောပေါက်လား? မင်းမှတ်မိသေးတယ်မဟုတ်လား။ မင်းနောက်ဆုံးလုပ်ထဲ့လိုက်တဲ့ နိုင်ငံရေးသမား သေသွား တော့ဘာကြောင့်သေသွားလည်းဆိုတာကို မင်းဘယ်လို တင်ပြခဲ့သလဲ? AIDSနဲ့ သေသွားပါတယ်ဆိုပြီးသေတမ်း စစ်တမ်းမှာ ရေးခဲ့တယ်မဟုတ်လား? အဲဒီနိုင်ငံရေးသမား အဖိုးကြီးက ဘယ်မှာ AIDSရှိလိုလဲ။ တကယ်ဆိုရင် ဖျားပြီးသေတာဘဲ မဟုတ်လား။ ငါတို့ အဲဒီလို ဟာမျိုးနဲ့တေဇကို သုံးလို့မရဘူး။ ဒီကောင်က အရေးကြီးတဲ့ကောင်။ ပေါ့သေးသေး မဟုတ်ဘူး။ ဒီ ကောင်ဟာ သေလို့ မဖြစ်ဘူး။ သူ့ကို ကျောင်းသားတွေက ခေါင်းဆောင်အဖြစ် သတ်မှတ် ထားတာ။ ငါတို့လွယ်လွယ် လုပ်လို့မရဘူး။”

ထောင်ပိုင်ကြီးဟာ သူ့သားသမီးတွေဆီ စိတ်ရောက်သွားတယ်။ Singapore မှာကျောင်းထားနိုင်တာ ဂုဏ်ယူနေတယ်။ မြန်မာပြည်မှာ ကျောင်းတွေဟာ အရေးအခင်း မျိုးစုံကြောင့်ခဏခဏဆိုသလို ကျောင်းပိတ်ကြရတယ်။ တက္ကသိုလ်ကျောင်းတွေဟာ အမြဲတမ်းလိုလိုပိတ်ထားရတယ်။ “မင်းကို ငါသိချင်တာမေးမယ်။ မင်းနောက်ဆုံး အဲဒီကောင်လေးကို တိုက်ပိတ်ခန်းထဲမှာ ထားခဲ့တုန်းက အဲဒီကောင်လေး သတိရရော ရသေးရဲ့လား? သတိတော့ရှိနေတယ်မဟုတ်လား။”

“မဟုတ်ဘူး ဆရာ”လို့ပြောနေရင်း နံရံထောင့်ကို အဓိပ္ပါယ်မရှိ ငေးကြည့်နေရင်း ဘာလုပ်ရမှန်းမသိ ဖြစ်နေတယ်။ “နောက်ဆုံး တေဇ သတိမေ့သွားတယ် ဆရာ။” လို့ ကိုလူချောပြန်ပြောလိုက်တယ်။

ထောင်ပိုင်ကြီးက ဒေါသကြီးစွာနဲ့ သေသေချာချာ “ပေးထားတဲ့အမိန့်ကို မင်းလွန်ဆန်ပြီးလုပ်ချင်တာ လုပ်ခဲ့တယ်။” ပြောပြောဆိုဆို ကိုလူချောရှေ့မှာ ခေါက်တုန့်ခေါက်ပြန့် လမ်းလျှောက်နေတယ်။ “ဆရာဝန် မနက်ဖြန်ရောက်ရောက်ချင်း ဒီကောင်ကို ကြည့်ခိုင်းရမယ်။ ဒီညအရေးကြီးဆုံးက တေဇကို တိုက်ပိတ်ဆောင်ကနေ တခြားတနေရာကို ပြောင်းမှဖြစ်မယ်။ သူ့ကို

နိုင်ငံရေးသမားတွေ ရှိတဲ့ တိုက်ဖြူဖြူထဲ ထည့်ထားလိုက်။ အဲဒီအထဲမှာရှိတဲ့ နိုင်ငံရေးသ မား ၄ယောက်ကို ဒီည အချုပ်ထောင်ဘက် ပို့ လိုက်။ နောက်ပြီး တေဇနေတဲ့ တိုက်ပိတ်ခန်းကို ညတွင်းချင်းပြောင်အောင် ဆေးကြောပစ်လိုက်။ တေဇရဲ့ ဘေးခန်းကိုလည်း ရှင်းထားလိုက် မနက်ပြန်ရောက်လာမဲ့ **NLD** နိုင်ငံရေးသမား ၅ယောက်ကို အဲဒီမှာ ခဏထားရမယ်။ တေဇကိုတော့ ချစ်နိုင်ကိုပဲကြည့်ခိုင်းတော့မယ်။ လူချောတယောက် ထောင်ပိုင်ကြီး ပြောသမျှကို လိုက်မှတ်နေတယ်။အေး...အရေးကြီးဆုံး သတိပေးရမယ်။ မင်းအခုချိန်ကစပြီး အကျဉ်းသား တေဇဆိုတဲ့ ကောင်လေးကိုဘယ်တော့မှ မဆက်သွယ် မပါတ်သက်နဲ့ တော့။

“အဲဒီကောင်လေးဟာ မင်းတာဝန်ယူမအောက်မှာ မရှိစေနဲ့ တော့ ကြားလား? ထင်တာထက် ပိုဆိုးသွားတယ်။ ထောင်ပိုင်ကြီး စကားကို လွန်ဆန်ဖို့ ကို လူချော ကြောက်နေတယ်။ အခုအချိန်ကစပြီး တယောက်ယောက်က သူ့ ရဲ့ လပ်ရှားမတွေကို စောင့်ကြည့်နေရင်း ထောင်ပိုင်ကြီးကို သတင်းပို့ မှာ သေချာတယ်။ ဒါပေမဲ့ တုန်တုန်ရီရီနဲ့ “...ဒါပေမဲ့ဆရာ ချစ်နိုင်က တေဇနဲ့အလွန်ရင်းနှီးတဲ့ လူဖြစ်တယ်။ နောက်ပြီးတော့ သူဟာ နိုင်ငံရေးသမားတွေကို သဘော......” စကားမပြတ်သေးခင် ထောင်ပိုင်ကြီးကဖြတ်ပြီး “ငါမင်းကို ပြောထားပြီးပြီ။ ဘာမှစိုးရိမ် မနေနဲ့ တော့...ညွှန်ဝေဦး။ တယောက်ယောက်က အမြဲတမ်း ချစ်နိုင်ကို စောင့်ကြည့်ပေးနေပါတယ်။ မင်းလည်းသက်သာသွားတာပေါ့။ ဘာဘဲဖြစ်ဖြစ် ချစ်နိုင်က အကျဉ်းသား အရိုးကျိုးသွား အောင်တော့ လုပ်မယ်မထင်ဘူး။ ထောင်ဝင်စာလည်း ရောင်းစားမှာမဟုတ်ဘူး။”

“တော်ပြီ ဒီညအဖို့ ဒီလောက်ဘဲ တော်ပြီ။ ဆရာ ကျနော်မသွားခင် မေးခွန်းလေး တခွန်းလောက် ပေးပါရစေ ခင်ဗျာ။ နောက်တကြိမ်လောက် တေဇအခန်းကို ရှာဖွေခွင့်ပေးပါ ခင်ဗျာ။တေဇရေးထားတာ သေချာတာပဲ။ တနေရာရာမှာ ရှိမှာပါ။ ဝါဒါတွေကိုလည်း သေသေချာချာမေးချင်ပါတယ်။ တယောက်ယောက်တော့ ဒီကိစ္စကို သိမှာပါ။” ထောင်ပိုင်ကြီးက ပါးကို လက်ဖဝါးနဲ့ ပွတ်လိုက်ရင်း လူချောကို ကြည့်လိုက်တော့ လူချောဟာ ထောင်ပိုင်ကြီးဆီက ဒီအခွင့်အရေးတော့ရမယ်ထင်နေတယ်။

“ကောင်းပြီ......စာရေးတဲ့အကောင်တွေကို ခွေးလှောင်အိမ်ထဲမှာ နောက်ထပ် ၃ ပါတ် ဆက်ထဲ့ထားမယ်။ ဒါ့ထက်မပိုတော့ဘူး။ တခုခုတွေ့ ရင်တော့ ကောင်းမှာပဲ။ အဲဒါမှာ တေဇ နာမည်လည်း အဲဒီကောင်တွေနဲ့ ပေါင်းလိုက်မယ်။ ဒါပေမဲ့ သက်သေခံပစ္စည်းဟာ ဒီတခါအတုကြီးမဖြစ်စေနဲ့ ။ ဘာဖြစ်လို့ လဲဆိုတော့ ဒီကိစ္စဟာ တကယ်တရားရုံးမှာ ထွက်ဆိုတင်ပြရမှာ ဖြစ်တယ်။

“ငါစိတ်ထင်အရ ပြောရရင် တေဇဆိုတဲ့ အကောင် တားမြစ်ပိတ်ပင်ထားတဲ့ ပစ္စည်းကို တကယ်များ လက်ထဲမှာ ကိုင်တွယ်ခဲ့သလား? ဆိုတာပဲ။” တယောက်ယောက် အမှား လုပ်ခဲ့တာကျိမ်းသေတယ်။ ထောင်ပိုင်ကြီး လူချောမျက်နှာကို စိုက်ကြည့်လိုက်ရင်း “မင်း သိသလား၊ လက္ခဏာဆရာ စိန်ယုံ ဘာကြောင့် ထောင်ထဲရောက်နေ သလဲဆိုတာ? သူ့ ရဲ့ ကံမခြင်းဆိုတဲ့

ကံဆိုးမဟာ သူနဲ့ နောက်က မခွဲမခွာ ထောင်ထဲလိုက်လာလို့ပဲ။”

“ ဟုတ်ပါတယ် ဆရာ။ ကျနော်လည်း ယုံကြည်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သတ်ပြီး တာဝန်မကင်းတာဟာ စိန်ယုံဘဲဆိုတာ။” ဒါပေမဲ့ လူချောဟာ စိန်ယုံကို သူ့လူယုံအဖြစ် ရွေးချယ်ခဲ့တာ လည်းမမှားဘူးလား။ “စိန်ယုံကို ဘယ်လိုလုပ်ရမလဲဆရာ။ သူက အဆောင် ၃ ကနိုင်ငံရေးသ မားတွေကိုထောင်ချောက်ဆင်ပေးလို့ ခွေးလှောင်အိမ်ထဲ ထည့်နိုင်ခဲ့ပါတယ်။ စိန်ယုံရဲ့ လျှော့ ရက်တွေကိုဆက်ပေးသွားရမလား ဆရာ?

“ ကောင်းပြီ၊ ငါ့ကို ဒီတပတ်အတွင်း သတင်းပို့ပါ”

“ ဟုတ်ကဲ့ဆရာ” ထောင်ပိုင်ကြီးက “ အဲ...နောက်ပြီး ထပ်ပြောရမယ်။ မင်းကိုမင်း ထိမ်းပါ။ဦးခေါင်းတွေ ခွဲတာ ငါမကြားချင်တော့ဘူး။ ဘယ်မှ ပြဿနာ မဖြစ်စေနဲ့။ အခုတလော ငါတို့ ပြဿနာအများကြီး ရှိခဲ့ပြီးပြီ။” ထောင်ပိုင်ကြီး အခန်းထဲက ထွက်လာပြီး လူချော ဆက်ပြီး တွေးတောနေတယ်။ ထောင်ပိုင်ကြီးစကားကို ပြန်ကြားနေတယ်။ “ အခုငါတို့ ရထားပြီးသား ပြဿနာဟာတော်လောက်ပြီ” အခုစိန်ယုံရဲ့ အသုံးမကျမကြောင့် တေဇကို ထောင်မှူး ကိုချစ်နိုင် လက်ထဲပြန်ပေးလိုက်ရပြီ။ သူတို့ ၂ယောက်က သိပ်ခင်ကြတယ်။ တံခါးကို မြန်မြန်ပိတ်လိုက်ပြီး လှေခါးထစ်တွေကိုမြန်မြန် ပြေးပြီးတက်လိုက်တယ်။

လမ်းတလျှောက် ရောက်သွားတော့ လူချော ခြေချော်ကျပြီး လှဲသွားတယ်။ အသံ ကျယ်ကြီးအော်ပြီး အောက်အထိ ပြုတ်ကျသွားတယ်။ ခြေကျင်းဝတ်လည်း လည်သွား ထင်တယ်။တော်တော်နာသွားတယ်။ အစောင့်က အသံကြားလို့ ခေါင်းပြူကြည့်ရင်း၊ “ဆရာ ဘယ်လိုဖြစ် တာလဲရရဲ့လား? လို့မေးလိုက်တယ်။ လူချော ဒေါသထွက်ထွက်နဲ့ “ သောက်လှေကားတွေက လဲချောနေတာကိုး” “ ခြေထောက် ထောက်နိုင်ရဲ့ လားဆရာ” လူချောက “ ရတယ်၊ မင်းအလုပ် မင်းလုပ်။မင်းအလုပ် မင်းလုပ်” လို့ အော်လိုက်တော့ အစောင့် နောက်ပြန်လှည့် သွားတယ်။ လူချောအသက်ကိုပြင်းပြင်းရှုလိုက်ရင်း ပါးစပ်က အောင်ဟစ် ဆဲဆိုနေတယ်။

“မအေ......တွေ တကောင်မှ သောက်သုံးမကျဘူး။” ခြေထောက်မှာလည်း မီးစနဲ့ ထိုးထားသလို နာနေပြီ။ခြေထောက် ထော့နဲ့ ထော့နဲ့ ဆက်ပြီး သွားနေရတယ်။ ညမီးတွေ မပိတ်ခင် အချိန်မှီအချိန်နည်းနည်း ရှိတုန်း လူချောဟာ မျက်စေ့ကို သေသေချာချာ ပွတ်ပတ်ပြီး ဗွက်တွေ ကျောက်ခဲတွေ၊မြက်ပင်တွေထဲကို သေသေချာချာ ရှာဖွေတယ်။
စာရေးစက္ကူရယ်၊ ဘောလ်ပင်ရယ် ဆိုတဲ့ စကားကို ဆဲဆို ရွတ်ဖတ်နေတယ်။ “ဘယ်လို လုပ်လို့ ပျောက်သွားရတာလဲ? ဘာလို့ရှာလို့ မတွေ့ရတာလဲ?

ဆက်လက်ဖော်ပြသွားပါမည်။

ဘာသာပြန် Roland Hardy (a) မောင်မောင်လတ်